# Information Sheet



**VOLUME X, ISSUE 2** 2 November 2021


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ပြန်လည်ဖွင့်လှစ်သင်ကြား | ၁ |
| ၂ | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ နှင့် ကချင်ပြည်နယ်မှ ဘာသာရေးခေါင်ဆောင်များ တွေ့ဆုံ | ၅ |
| ၃ | (၆)ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ် Livestreaming အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် တက်ရောက်ကြည့်ရှု | ၆ |
| ၄ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီး နှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၇ |
| ၅ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ Myanmar Royal Fortune ကုမ္ပဏီနှင့် Myanmar Royal Golden Elephant Medical Device ကုမ္ပဏီတို့က အနွေးထည် ၄,၀၀၀ လာရောက်လှူဒါန်း | ၉ |
| ၆ | အကြမ်းဖက်သမားများက စာသင်ကျောင်းများ၌ ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ် | ၁၀ |
| ၇ | တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ဆက်လက်ပြုလုပ် | ၁၁ |

# Information Sheet

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ပြန်လည်ဖွင့်လှစ်သင်ကြား



ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှုန်းနှင့် ပိုးတွေ့ရာခိုင်နှုန်းများကို သုံးသပ်ဆန်းစစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ် ၄၆ မြို့နယ်မှအပ ကျန်မြို့နယ်များအားလုံးမှ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများအား နိုဝင်ဘာလ ၁ ရက်တွင် တည်ငြိမ်အေးချမ်းစွာ တစ်ပြိုင်တည်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကျောင်းများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား/သူများက ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိပါသည်။

ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ/ဆရာမများက ကျောင်းသား/သူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား/သူများနှင့် ကျောင်းများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါသည်။

နိုဝင်ဘာလ ၁ ရက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ မူလတန်း ၇၂၀,၃၇၃ ဦး၊ အလယ်တန်း ၄၁၇,၈၄၅ ဦး၊ အထက်တန်း ၁၂၄,၄၂၁ ဦး၊ ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၁,၂၆၂,၆၃၉ ဦး ကျောင်းတက်ရောက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂-၁၁-၂၀၂၁)**

- **ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိမှုရာခိုင်နှုန်းများကို သုံးသပ်ဆန်းစစ်၍ မြို့နယ် ၄၆ မြို့နယ်မှအပ ကျန်မြို့နယ်များအားလုံးမှ အခြေခံပညာကျောင်းများအား နိုဝင်ဘာလ ၁ ရက်မှစ၍ တည်ငြိမ်အေးချမ်းစွာ တစ်ပြိုင်တည်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိ။**

- ကျောင်းသား/သူများနှင့် ကျောင်းများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက စာသင်ကျောင်းများသို့ သွားရောက်ကြည့်ရှု၍ ဆရာ/ဆရာမများ၊ ကျောင်းသား/သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့။
- နိုဝင်ဘာလ ၁ ရက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ မူလတန်း ၇၂၀,၃၇၃ ဦး၊ အလယ်တန်း ၄၁၇,၈၄၅ ဦး၊ အထက်တန်း ၁၂၄,၄၂၁ ဦး၊ ကျောင်းသား/ကျောင်းသူ စုစုပေါင်း ၁,၂၆၂,၆၃၉ ဦး ကျောင်းတက်ရောက်ခဲ့။

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုများ



ရန်ကုန်မြို့



မန္တလေးမြို့



နေပြည်တော် ကောင်စီနယ်မြေ



လှိုင်ကော်မြို့

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုများ



တနိုင်းမြို့



ကော့သောင်းမြို့



ဘုန်းသီးတောင်မြို့



ပခုက္ကူမြို့



ပြည်မြို့



ရှင်ဗွေယန်မြို့

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ပြန်လည်ဖွင့်လှစ်သင်ကြားနေမှုများ



အင်္ဂပူမြို့



စစ်တွေမြို့



ရေနံချောင်းမြို့



ကလိန်အောင်မြို့



ဆိပ်ဖြူမြို့



ကျောက်ဆည်မြို့

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ကချင်ပြည်နယ်မှ ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံ





အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီနှင့် ကချင်ပြည်နယ်မှ ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာလ ၁ ရက်တွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန (NSPC) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ ကချင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုက်ပွဲရှောင်များ နေရပ်ပြန်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီဝင်များ၊ ကချင်ပြည်နယ်ရှိ ခရစ်ယာန် အသင်းတော်များမှ ကျောင်းထိုင်ဘုန်းတော်ကြီးများ၊ သိက္ခာတော်ရဆရာတော်များ တက်ရောက်ကြပြီး ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းချုပ်(KBC) တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂-၁၁-၂၀၂၁)**

- **ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများ၊ ကချင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုက်ပွဲရှောင်များ နေရပ်ပြန်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့။**

# (၆) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ် Livestreaming အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် တက်ရောက်ကြည့်ရှု

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဌေးအောင်သည် Bruge, Flanders (Belgium) နိုင်ငံတွင်ကျင်းပသော (၆) ကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်း ဖိုရမ် (“6th UNWTO World Forum on Gastronomy Tourism”) ကို Vedio Conferencing စနစ်ဖြင့် ပါဝင်တက်ရောက် အားပေးခဲ့ ပါသည်။ အဆိုပါ ဖိုရမ်ကျင်းပရာတွင်-

- Setting the Scene: Gastronomy Tourism and Rural Development ခေါင်းစဉ်ဖြင့် စားဖိုမှူးများနှင့် ခရီးစဉ်ဒေသ များရှိ အစားအသောက်ထုတ်လုပ်သူ ဒေသခံများအကြား အစားအသောက်နှင့် စပ်လျဉ်းသည့် စကားဝိုင်း ကျင်းပခြင်း။
- Gastronomy and Talent Development နှင့် Resili-ence and Innovation ခေါင်းစဉ်တို့ဖြင့် စားဖိုမှူးများ၏ အတွေ့အကြုံများ၊ သဘောထားအမြင်များ တင်ပြဆွေး နွေးခြင်း။
- Scaling up for the SDGs: UNWTO food tourism pitch challengeစသည့် အစီအစဉ်တို့ကို ကျင်းပခဲ့ပါသည်။

"Masterclasses on Gastronomy Tourism and Rural Development" အစီအစဉ်အား နိုဝင်ဘာလ ၂ ရက်တွင် ခေါင်းစဉ် ၃ ခုဖြင့် ထပ်မံကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင် များ၏ အတွေ့အကြုံနှင့် ဗဟုသုတများမျှဝေသည့် အစီအစဉ် ဖြစ်သဖြင့် ဟိုတယ်နှင့်ခရီး သွားလာရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အသင်းနှင့် မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းမှ ကိုယ်စားလှယ်များက Online မှ ပါဝင်တက်ရောက်လေ့လာ ကြမည်ဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၂-၁၁-၂၀၂၁)**

- **(၆) ကြိမ်မြောက်ကမ္ဘာလုံးဆိုင်ရာ အစားအသောက်နှင့်စပ်လျဉ်းသည့် ခရီးသွားလုပ်ငန်းဖိုရမ်သို့ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာဌေးအောင် တက်ရောက်။**
- **Masterclasses on Gastronomy Tourism and Rural Development" အစီအစဉ်အား နိုဝင်ဘာလ ၂ ရက်တွင် ထပ်မံကျင်းပမည်ဖြစ်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်သွားမည်ဖြစ်။**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူများအား လက်ခံနေမှု**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးပေးခြင်းတို့အား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- နေပြည်တော်စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၈၁ ဦးနှင့် အမျိုးသမီး ၈၃ ဦး စုစုပေါင်း ၁၆၄ ဦးအား လက်ခံကုသပေးလျက်ရှိ။
- တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူ စုစုပေါင်း ၁၁၆,၆၁၂ ဦးအားလည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူ စုစုပေါင်း ၈၀,၄၀၈ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၁ ရက်တွင် ၉,၇၄၃ ဦးရှိခဲ့ပြီး စုစုပေါင်း ၉၉၄,၃၅၂ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။
- ကိုဗစ်-၁၉ ရောဂါလူနာများကုသရာတွင် အထောက်အကူဖြစ်စေရန်အတွက် ငွေကျပ် ၂၄၈၀ ဒသမ ၇၅ သန်းတန်ဖိုးရှိ Oxygen Plant ၁၇ ခုအပြင် Liquid Oxygen Tank၊ Liquid Oxygen တန် ၃၀ သယ်ဆောင်နိုင်မည့် နောက်တွဲယာဉ် တစ်စီး၊ သီးခြားထောက်ပံ့ငွေများနှင့် ဆေးရုံသုံး အထောက်အကူပစ္စည်းများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်အထိ ထပ်မံတိုးမြှင့်သတ်မှတ်။
- မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ပြသနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများအား တင်သွင်းနိုင်ရန်အတွက် ရုံးပိတ်ရက်မရှိဆောင်ရွက်ပေးလျက်ရှိရာ-

- နိုဝင်ဘာလ ၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများ၊ ချင်းရွှေဟော်နှင့် မြဝတီကုန်သွယ်ရေးစခန်း ၂ ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၅ ခုမှ ယာဉ်စီးရေ ၇ စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser နှစ်စီးဖြင့် တန် ၄၀ ၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် (Oxygen Generator ) ၁ ခု၊ အောက်ဆီဂျင် (အိုးခွံ) ၁,၄၃၈ ခု၊ PPE ဝတ်စုံ ၆၃,၆၀၀ နှင့် နှာခေါင်းစည်း ၃၂ တန်တို့အား တင်သွင်းနိုင်ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာလ ၁ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၉,၂၁၇ ခုအားစစ်ဆေးခဲ့ပြီး၊ ပိုးတွေ့လူနာသစ် ၈၇၇ ဦးဖြင့် ပိုးတွေ့ရှိမှု ၄ ဒသမ ၅၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁-၁၁-၂၀၂၁ ရက်အထိ ဓါတ်ခွဲနမူနာစုစုပေါင်း ၄,၈၈၆,၀၀၈ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၀၀,၉၅၀ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၁၈,၇၁၄ ဦးရှိကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၂-၁၁-၂၀၂၁)**

- **ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများအား နိုဝင်ဘာလ ၁ ရက်တွင် ဒုတိယအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၁၁၆,၆၁၂ ဦးအား လည်းကောင်း၊ ပထမအကြိမ်အဖြစ် ပြည်သူစုစုပေါင်း ၈၀,၄၀၈ ဦးအားလည်းကောင်း ကာကွယ်ဆေးထိုးနှံပေးခဲ့။**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/သူများ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးစီးမှုမှာ နိုဝင်ဘာလ ၁ ရက်တွင် ၉,၇၄၃ ဦးရှိခဲ့ပြီး စုစုပေါင်း ၉၉၄,၃၅၂ ဦးအား ထိုးနှံပြီးစီးခဲ့ပြီးဖြစ်။**
- **ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြည်ပမှဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ ကာကွယ်နိုင်ရန် ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်အထိ ထပ်မံတိုးမြှင့် သတ်မှတ်။**




**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား/ သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု**




**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ Myanmar Royal Fortune ကုမ္ပဏီနှင့် Myanmar Royal Golden Elephant Medical Device ကုမ္ပဏီတို့က အနွေးထည် ၄,၀၀၀ လာရောက်လှူဒါန်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ Myanmar Royal Fortune ကုမ္ပဏီနှင့် Myanmar Royal Golden Elephant Medical Device ကုမ္ပဏီတို့က နိုဝင်ဘာလ ၁ ရက်တွင် အနွေးထည် ၄,၀၀၀ အား လာရောက်ပေးအပ်လှူဒါန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင်-

- ဘေးအန္တရာယ် အမျိုးမျိုးကြောင့် ထိခိုက်ခံစားနေရသည့် ပြည်သူများ လတ်တလော သက်သာချောင်ချိမှု ရရှိစေရေး ထောက်ပံ့ပေးခြင်း၊ ဘေးသင့်ပြည်သူများအတွက် အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးနိုင်ရန် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ၊ အရေးပေါ်တုံ့ပြန်ရေးပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်များရှိ သိုလှောင်ရုံအသီးသီးတွင် ကြိုတင်စုဆောင်းသိုလှောင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊
- ၂၀၂၁ ခုနှစ် ဆောင်းရာသီကာလများတွင် အားအနည်းငယ်မှ အသင့်အတင့်ရှိသည့် လာနီညာအဆင့် ရာသီဥတုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် မြန်မာနိုင်ငံမြောက်ပိုင်းအပါအဝင် အအေးပိုင်းဒေသများတွင် အနွေးထည်များလိုအပ်နိုင်ပါသဖြင့် ကုမ္ပဏီ ၂ ခုက လာရောက်လှူဒါန်းခြင်းအပေါ် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

လှူဒါန်းမှုပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)မှတစ်ဆင့် လိုအပ်ချက်ရှိသောဒေသများရှိ ပြည်သူများကို ဖြန့်ဝေပေးမည်ဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၂-၁၁-၂၀၂၁)**

- **၂၀၂၁ ခုနှစ် ဆောင်းရာသီကာလများတွင် အားအနည်းငယ်မှ အသင့်အတင့်ရှိသည့် လာနီညာအဆင့် ရာသီဥတု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားသည့်အတွက် မြန်မာနိုင်ငံမြောက်ပိုင်းအပါအဝင် အအေးပိုင်းဒေသများတွင် အနွေးထည်များ လိုအပ်မည်ဖြစ်။**
- **ကုမ္ပဏီ ၂ ခုမှ လာရောက်လှူဒါန်းသည့် အနွေးထည် ၄,၀၀၀ အား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့) မှတစ်ဆင့် လိုအပ်ချက်ရှိသော ဒေသများရှိ ပြည်သူများကို ဖြန့်ဝေပေးမည်ဖြစ်။**

# အကြမ်းဖက်သမားများက စာသင်ကျောင်းများ၌ ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ နေအိမ်များ၊ လမ်း/တံတားများနှင့် ပြည်သူပိုင်ရုံး၊ ဌာနအဆောက်အဦများအား ဖောက်ခွဲဖျက်ဆီးမှုများအပြင် ကလေးသူငယ်များ ပညာသင်ကြားနေသည့် စာသင်ကျောင်းများကိုပါ ဗုံးထောင်၊ ဖောက်ခွဲ၊ ဖျက်ဆီးမှုများအထိ လုပ်ဆောင်လျက်ရှိကြသည်။

- အောက်တိုဘာ ၃၁ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့၊ မြို့မ ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းအနီး လမ်းပေါ်၌ အကြမ်းဖက်သမားတစ်ဦးက မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ၎င်းအကြမ်းဖက်သမား သေဆုံးခဲ့ပြီး ၎င်းအနီးမှ လက်ကိုင်ဖုန်းတစ်လုံးကို သိမ်းဆည်းရမိခဲ့ကာ အဆိုပါ ပေါက်ကွဲမှုကြောင့် ကျောင်းဆောင်၏ မျက်နှာကြက်များနှင့် ပြတင်းပေါက် တံခါးမှန်များ ကွဲအက်ပျက်စီးခဲ့။
- အောက်တိုဘာလ ၃၁ ရက် နေ့လည်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ကြည့်မြင်တိုင်) ရှေ့လမ်းဘေး၌ ပေါက်ကွဲမှု ၂ ကြိမ်ဖြစ်ပွားခဲ့ကာ ပေါက်ကွဲထားသော ဖုန်းအပိုင်းအစများ PVC ပိုက် အပိုင်းအစများနှင့် ဆားကစ်ပြား အပိုင်းအစများကို သိမ်းဆည်းရမိခဲ့ပြီး အဆိုပါ ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အဦထိခိုက်မှု မရှိ။

အဆိုပါ ဖြစ်စဉ်များအရ ကျောင်းနေအရွယ် ကလေးသူငယ်များ စာသင်နှစ် နောက်ကျမှုမရှိစေဘဲ ပညာသင်ကြားနိုင်ရေးအတွက် နိုင်ငံတော်က စာသင်ကျောင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်မည်ကို မလိုလားသည့် အကြမ်းဖက်သမားများက ကလေးသူငယ်များအား ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် ပညာသင်ကြားသည့် အဆောက်အဦများ ထိခိုက်ပျက်စီးစေသည်အထိပါ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လာကြောင်း တွေ့ရှိရသဖြင့် မြို့/ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ မိဘပြည်သူတစ်ရပ်လုံးက ပူးပေါင်းဆောင်ရွက်တွန်းလှန်နိုင်ပါရန် မေတ္တာရပ်ခံကြောင်းနှင့် အကြမ်းဖက်သူများအား အမြန်ဆုံး ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး တရားဥပဒေနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(မြဝတီသတင်းစာ ၂-၁၁-၂၀၂၁)**





**ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ဗားကရာလမ်း၊ အထက(၁)ကျောင်း ခြံစည်းရိုးရှေ့ လမ်းဘေး၌ လက်လုပ်ဗုံးပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ**

- စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ရှိ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း အနီးလမ်းပေါ်၌ အကြမ်းဖက်သမားတစ်ဦးက မိုင်းထောင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ၎င်းအကြမ်းဖက်သမား သေဆုံးခဲ့ပြီး အဆိုပါပေါက်ကွဲမှုကြောင့် ကျောင်းဆောင်၏ မျက်နှာကြက်များနှင့် ပြတင်းပေါက် တံခါးမှန်များ ကွဲအက်ပျက်စီးခဲ့။
- ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ကြည့်မြင်တိုင်) ရှေ့လမ်းဘေး၌ ပေါက်ကွဲမှု ၂ ကြိမ်ဖြစ်ပွားခဲ့ပြီး အဆိုပါပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အဦထိခိုက်မှုမရှိ။
- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းများနှင့်အညီ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ကို မလိုလားသည့် အကြမ်းဖက်သမားများက ကလေးသူငယ်များအား ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် ပညာသင်ကြားသည့် အဆောက်အဦများ ထိခိုက်ပျက်စီးစေသည်အထိ အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လာကြောင်းတွေ့ရှိရ။

## တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ဆက်လက်ပြုလုပ်



စစ်တွေမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲ ကျင်းပပြုလုပ်

၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို နိုဝင်ဘာလ ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် စုစုပေါင်း မြို့နယ် ၅ မြို့နယ်၌ လူအင်အား ၁၃,၄၅၀ ဖြင့် ဆန္ဒဖော်ထုတ်ခဲ့ပါသည်။

ထိုသို့ဆန္ဒဖော်ထုတ်ရာတွင် “မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှု အလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လုပ်ငန်းစဉ် (၅) ရပ် အားထောက်ခံပါသည်၊ NUG၊ PDF အကြမ်းဖက်မှု အမြစ်ဖြုတ်၊ NUG၊ PDFရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်” စသည့် စာသားပါဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂-၁၁-၂၀၂၁)**

- **တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ မြို့နယ်၅မြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်၍ ဆန္ဒဖော်ထုတ်။**
- **ဆန္ဒဖော်ထုတ်ရာတွင် “မြန်မာ့ပြည်တွင်းရေးပြည်ပစွက်ဖက်မှုအလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ် (၅) ရပ်အား ထောက်ခံပါသည်၊ NUG၊ PDF အကြမ်းဖက်မှု အမြစ်ဖြုတ်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်” စသည့်စာသားပါဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့။**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများပြုလုပ်နေသည့် မှတ်တမ်းဓာတ်ပုံများ




ရေကြည်မြို့



သဲကုန်းမြို့






ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်





သပိတ်ကျင်းမြို့